# မယ်တော်သခင်မ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရသောပွဲ

ရှင်လုကာ ၁း၃၉-၅၆

ယနေ့ အသင်းတော်က မယ်တော်သခင်မ ကောင်းကင်ဘုံသို့ ကိုယ်ခန္ဓာရော ဝိညာဉ်ရောပါ ပင့်ဆောင်ခံရတဲ့ပွဲကို ကျင်းပစေပါတယ်။ ဒီပွဲကို ကျင်းပစေတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျနော်တို့ ဘဝတွေမှာ ဘယ်လောက် အခက်အခဲ ဒုက္ခတွေပဲ ကြုံရပစေ၊ နောက်ဆုံးတော့ မယ်တော်သခင်မလို ကိုယ်ခန္ဓာရော ဝိညာဉ်ရောပါ ကောင်းကင်ဘုံကို ရောက်မယ်ဆိုတဲ့ မျှော်လင့်ချက်ကို အမြဲသတိယနေစေဖို့ပါပဲ။

အခုခေတ်အခါမှာ တီထွင်တိုးတက်လာပြီ။ နည်းပညာတွေ မြင့်လာပြီ။ ဒါပေမဲ့ လူတွေကတော့ ပိုပြီးပျက်စီးလာနေတာကို တွေ့ရပါတယ်။ ရဟာန်းမင်းကြီး ဖရန်စစ် မိန့်ကြားသလို တတိယကမ္ဘာစစ် ဖြစ်လာနိုင်မည့် အလားအလာတွေ အများကြီး မြင်တွေ့နေရပါတယ်။ တစ်ချို့နိုင်ငံတွေမှာ စဖြစ်နေပါပြီ။

လောကလူတွေရဲ့ အမြင်တွေက ကွာခြားလာပြီ၊ လောကဆန် လာကြပြီ။ ဘုရား မပါတော့ဘူး။ ဘုရားအကြောင်း မတွေးတော့ဘူး။ ဘုရားမဲ့လာကြပြီ။ ဘဝနေပုံ ကျင့်ကြံပုံတွေကလည်း ကိုယ့်တစ်ကိုယ်ကောင်း အတွက်ပဲ။ အမှန်ဆို တိုးတက်လာတဲ့ခေတ် ဖြစ်လာတဲ့အလျှောက် ကမ္ဘာကြီးက နေချင်စရာ ဖြစ်ရမှာပါ။ နတ်ဆိုးက အရင်ကဆိုးတာထက် အခု ပိုပြီး ဆိုးဆိုးဝါးဝါးကို နှောက်ယှက်နေပါတယ်။ လူတွေကလည်း အပြစ်မလုပ်ဖို့ ခုခံကာကွယ်ရာမှာ ပိုအားနည်းလာကြတယ်။ ဒါဟာ အထူးအဆန်း မဟုတ်တော့ပါဘူး။

ယနေ့ဖတ်ရတဲ့ ပထမကျမ်း ဗျာဒိတ်ကျမ်းစာမှာ နဂါးနီကြီးရဲ့ ရန်ပြုခံနေရတဲ့အမျိုးသမီးတစ်ဦး အကြောင်းကို ပုံပမာဆောင်ပြီး

ရေးထားတာကို ဖတ်ရပါတယ်။ နဂါးကြီးက အဲ့ဒီခေတ်က ရောမအင်ပါယာကို ပုံပမာဆောင်ပြီး ဖော်ပြထားသလို အမျိုးသမီးဆိုတာကတော့ အသင်းတော်/ မယ်တော်ကို ပုံပမာဆောင်ပြီး ရေးထားပါတယ်။ ဒါပေမဲ့ ဘုရားသခင်က ဒီအမျိုးသမီးကို လုံခြုံတဲ့နေရာ/ ဘုရားသခင် ပြင်ဆင်ထားတဲ့နေရာသို့ ခေါ်ယူပင့်ဆောင်သွားပါတယ်။

နဂါးကြီးက အမျိုးသမီးကို ရန်ပြုနေသလို အဲ့ဒီခေတ်က ရောမအင်ပါယာက အသင်းတော်ကို ညှင်းဆဲခဲ့တယ်။ ရောမအင်ပါယာက သူတို့ရဲ့ အင်ပါယာဘုရင်ကို ဘုရားအဖြစ်နဲ့ ကိုးကွယ်ခဲ့တယ်။ ရုပ်တုဆင်းတု နတ်ဘုရားတွေကို ကိုးကွယ်ခဲ့တယ်။ ကာမဂုဏ်ခံစားခြင်း၊ သူတစ်ပါးကို ကျွန်ပြုပြီး စည်းစိမ်ခံစားနေခြင်း စတဲ့ မကောင်းမှုအပြစ်တွေကို လုပ်နေခဲ့တယ်။ အဲ့ဒီအချိန်တုံးက အသင်းတော်ဟာ မကောင်းမှုတွေရဲ့ နှောက်ယှက်ညှင်းဆဲတာတွေ ယနေ့တိုင်အောင် ပိုမိုဆိုးဝါးစွာ ခံနေရပါတယ်။ ဒါကြောင့် ယနေ့ကျင်းပတဲ့ပွဲဟာ အရေးကြီးတယ်လို့ ပြောရတာပေါ့။ အသင်းတော်က ဘယ်လောက်ပဲ နှောက်ယှက်ညှင်းဆဲတာတွေပဲ ခံနေရပါစေ၊ ဘယ်လောက်ပဲ ရုန်းကန်နေရပါစေ၊ စိတ်မပျက်ပဲရှိနေနိုင်ဖို့ ယနေ့ ကျင်းပတဲ့ပွဲက သတိပေးနေပါတယ်။

ယနေ့ဖတ်ရတဲ့ ကျမ်းစာတွေကလည်း ဘဝမှာ ဘယ်လိုဒုက္ခတွေပဲ ကြုံတွေ့နေရပါစေ ကျနော်တို့ဘဝတွေက မကောင်းမှုတွေနဲ့ ဇာတ်သိမ်းရမှာ မဟုတ်ပါဘူး။ လူတစ်ယောက်ဖြစ်တဲ့မယ်တော့်လို မသေနိုင်တဲ့ကိုယ်ခန္ဓာနဲ့ ထာဝရအသက်ရှင်နေတဲ့ဘဝနဲ့ နိဂုန်းချုပ်ရမှာပါ။ ဒါကြောင့် နဂါးကြီးရဲ့ရန်က အေးအောင် ဘုရားက လုံခြုံတဲ့နေရာ/ နဂါးကြီး လိုက်မမီတဲ့နေရာ/ မကောင်းမှုတွေ ကင်းဝေးတဲ့နေရာသို့ ကျနော်တို့ကိုလည်း ခေါ်ဆောင်ပေးမယ်ဆိုတာ သတိထား နေစေချင်ပါတယ်။

ယနေ့ဖတ်ရတဲ့ ရှင်လုကာ ဧဝံဂေလိကျမ်းစာထဲမှာ မယ်တော်က "လက်ရုံးတော်အားဖြင့် တန်ခိုးကို ပြတော်မူ၍ မာနထောင်လွှားသော သူတို့ကို ကွဲလွင့်စေတော်မူပြီ။ စိတ်နှိမ့်ချသောသူတို့ကို ချီးမြှောက်တော်မူပြီ" လို့ မြွက်ဆိုခြင်းအားဖြင့် ဘုရားရဲ့ကျေးဇူးတော်ကို မယ်တော်က သိမှတ်ဝန်ခံနေပါတယ်။ ယနေ့ဝတ်ပြုကိုးကွယ်နေတာက ကျနော်တို့တစ်တွေ စိတ်မပျက်ပဲ ရှိနေစေဖို့ပါ။ ဒါကြောင့် ပထမကျမ်း ဗျာဒိတ်ကျမ်းစာမှာ "ကောင်းကင်ဘုံ၌ ကြီးသောအသံကား၊ ယခုမှာ ကယ်တင်ခြင်း ဖြစ်၏။ တန်ခိုးတော်လည်း ဖြစ်၏။ ငါတို့ဘုရားသခင်၏နိုင်ငံတော်နှင့် ခရစ်တော်၏ အာဏာစက်လည်း ဖြစ်၏" တဲ့ ။အဆုံးနိဂုံးက အဲ့သလို အောင်မြင်မယ်။ အဲ့သလို တန်ခိုးအာဏာရှိသွားပါလိမ့်မယ်ဆိုတာ အာမခံထားပါတယ်။

ယနေ့ ဒုတိယကျမ်း ကော်ရိန်္သုဩဝါဒစာ ပထမစောင်မှာ "လူအားလုံးတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်သည့်နည်းတူ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ကြရလိမ့်မည်။" တဲ့ ။ ဒါကြောင့် လူ့ဘဝရဲ့ တကယ့်နိဂုံးချုပ်က သေကြေပျက်စီးရတာ မဟုတ်ပဲ၊ ခရစ်တော်အားဖြင့် ထာဝရ အသက်ရှင်ရတာက တကယ့်ဇာတ်လမ်းအဆုံးပါပဲ။ အဲ့ဒီလို သေရာမှပြန်ရှင်ရတဲ့အစီအစဉ်ကတော့ သေရာမှပြန်ရှင်တဲ့သူ ပထမဆုံးသူကတော့ ခရစ်တော်ယေဇူးဖြစ်ပြီး ဒုတိယကတော့ မယ်တော်ဖြစ်တယ်ဆိုတာကို အခုလို ဆက်ရေးထားပါတယ်။ "သားဦးဖြစ်တော်မူသော ခရစ်တော်သည် ပထမ၊ ထို့နောက် ကိုယ်တော်၏နောက်လိုက်များ" တဲ့။ ကိုယ်တော်ရဲ့နောက်လိုက်များထဲက စံပြခရစ်ယာန်က ဘယ်သူလဲ။ မယ်တော်မာရီယား ဖြစ်ပါတယ်။ ခရစ်ယာန်အားလုံး စံနမူနာယူရမယ့်သူက မယ်တော်မာရီယားပါ။ အခုလို ခေတ်ပျက်ကြီးအချိန်ကာလမှာ ခရစ်ယာန်တစ်ယောက်အနေနဲ့

ဘုရားသခင်ရဲ့စကားကို နားထောင်ဖို့ ခက်နေတယ်ထင်ရင် မယ်တော်ကို စံနမူနာ ယူပါ။ "ကျွန်ုပ်ကား ဘုရားသခင်၏အစေခံဖြစ်ပါ၏။ သင်၏စကားအတိုင်း ကျွန်ုပ်၌ ဖြစ်ပါစေ၊ သင်၏စကားအတိုင်း လိုက်နာပါ့မယ်။ ကျမက ဘုရားရဲ့အစေခံ" တဲ့ ။ ဘုရားရဲ့စကားအတိုင်း သင်လိုက်နာ နာခံဖို့ သင်က မယ်တော့်လို "ဘုရားရဲ့အစေခံ" လို့ ကိုယ့်ကိုယ်ကို သဘောထားရဲ့လား။

ကျနော်တို့ အသင်းတော်ရဲ့ ရှေးထုံးသက်သေ (ရှေးအရင် အစပထမကတည်းက နှုတ်တိုက်သင်ကြားပေးတဲ့စကား)အရ မယ်တော်ဟာ သေခဲ့တယ်/မသေခဲ့ဘူးဆိုတာတွေကို မပြောခဲ့ပါဘူး။ "မယ်တော်ဟာ သူမရဲ့လောကသက်တမ်းကုန်ဆုံးသောအခါ ဘုရားသခင်က သူ့မယ်တော်ကို ကိုယ်ခန္ဓာရော ဝိညာဉ်ရောပါ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခေါ်ယူတော်မူတယ်" လို့ သင်ကြားပေးခဲ့ပါတယ်။

အခုလို ကောင်းကင်ဘုံသို့ ကိုယ်ခန္ဓာရော ဝိညာဉ်ရောပါ ပင့်ဆောင်ခံရတာက မယ်တော်ရဲ့ ကုသိုလ်ကောင်းမှု ကျင့်စဉ်တွေကြောင့် မဟုတ်ရပါဘူး။ မယ်တော်ခံစားရတဲ့ ကျေးဇူးတော်ကြောင့် မယ်တော်ဟာ ကိုယ်ခန္ဓာရော ဝိညာဉ်ရောပါ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရဖို့ သင့်တော်လှပါတယ် လို့ ဆိုချင်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ သိကြားမင်း ဂါဗြီအဲလ်ကလည်း "ဂုဏ်ကျေးဇူးတော်နှင့် ပြည့်စုံတော်မူသောမာရီယား" လို့ ဆိုထားပါတယ်။ ဧလီဇဘက်ကလည်း ဝိညာဉ်တော်နဲ့ပြည့်ဝပြီး မယ်တော့်ကို ဘယ်လိုခေါ်လိုက်သလဲဆိုတော့ "ကျွန်ုပ်သခင်၏မယ်တော်" တဲ့။ ဒါကြောင့် မယ်တော်ရဲ့ကိုယ်ခန္ဓာက သင်္ချိုင်းတွင်းမှာ ပုပ်ဆွေးပျက်စီးဖို့ မသင့်တော်ပါဘူး။ ကိုယ်ခန္ဓာရော ဝိညာဉ်ရောပါ ကောင်းကင်ဘုံသို့ ပင့်ဆောင်ပေးဖို့သာ သင့်တော်လှပါတယ်။ ဒါဟာ ဘုရားသခင်ရဲ့ကျေးဇူးတော်သက်သက်ပါပဲ။

ယနေ့ ကျနော်တို့အားလုံးရဲ့ ဘဝနိဂုံးအဆုံးသတ်ဟာ လူသားတစ်ယောက်ဖြစ်တဲ့မယ်တော့်လိုပဲ မသေနိုင်တဲ့ကိုယ်ခန္ဓာ၊ ဘုရားရဲ့ ဘုန်းဂုဏ်တော်နဲ့ ပြည့်ဝတဲ့ကိုယ်ခန္ဓာနဲ့ ကောင်းကင်ဘုံမှာ ထာဝရ ပျော်ရွှင်ရမှာဖြစ်တယ်ဆိုတာ ဒုက္ခရောက်တိုင်း သတိယ ခွန်အားယူပါ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။